# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
# ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၃/၂၀၀၆)
## ၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
## (၂၀၀၆ ခုနှစ်၊ မတ်လ ၂၄ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

၁။ ဤဥပဒေကို **ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက်မှစ၍ အကျိုးသက်ရောက်ရမည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်

(က) အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကိုဖြစ်စေ၊ အခွန်နှုန်းများကိုဖြစ်စေ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင် စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက်ကိုဖြစ်စေ၊ ဘဏ္ဍာရေးနှစ်ကိုဖြစ်စေ၊ စည်းကြပ်နှစ်ကိုဖြစ်စေ သတ်မှတ်ပေးရမည်။"

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၇။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ -

(က) ဤဥပဒေ၏ နောက်ဆက်တွဲဇယား ၁ မှ ဇယား ၆ အထိတွင်ပါရှိသော ကုန်စည်တစ်မျိုးမျိုးကို နိုင်ငံတော်အတွင်း ထုတ်လုပ်ပြီး ရောင်းချ

ခြင်းနှင့် ဇယား ၇ တွင် ပါရှိသော ဝန်ဆောင်မှုတစ်ရပ်ရပ် ဆောင်ရွက်ခြင်းတို့အတွက် နိုင်ငံခြားငွေရရှိလျှင် ယင်းနိုင်ငံခြားငွေအပေါ် ကျသင့်စေရမည့် အခွန်နှုန်းကို သတ်မှတ်နိုင်သည်။

(ခ) နယ်စပ်ကုန်သွယ်မှုတွင် ပြည်ပမှတင်သွင်းသည့် ကုန်စည်များ ကုန်းပေါ်ရောက် တန်ဖိုးအပေါ် သွင်းကုန်တင်သွင်းစဉ်က ကျပ်ငွေ ပေးချေခဲ့လျှင် ကျပ်ငွေဖြင့် လည်းကောင်း၊ နိုင်ငံခြားငွေဖြင့် ပေးချေခဲ့လျှင် ယင်းနိုင်ငံခြားငွေဖြင့် လည်းကောင်း ကျသင့်စေရမည့် အခွန်နှုန်းကို သတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရာတွင် စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက်ကိုဖြစ်စေ၊ ဘဏ္ဍာရေးနှစ်ကိုဖြစ်စေ၊ စည်းကြပ်နှစ်ကိုဖြစ်စေ သတ်မှတ်ပေးရမည်။"

(ပုံ)
သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ